တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး၊
တရားသူကြီးများဖြစ်ကြသောဦးထွန်းရှင်နှင့်ဦးချစ်လွင်တို့၏ရှေ့တွင်

ဒေါ်မူမူ (ခ) ဒေါ်ကျင်သန်း
နှင့်
ဦးလှသိန်းပါ ၂ *

ကွယ်လွန်သူကျန်ရစ်သော ပစ္စည်းများကို ထိန်းသိမ်းရန်အတွက် ကွယ်လွန်သူ၏တူ၊ တူမများ၏ ကိုယ်စားလှယ်စာရသူအမည်ဖြင့် အမွေထိန်းလက်မှတ်စာထုတ်ပေးခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းရှိမရှိ။ ကွယ်လွန်သူတွင် ဂရန်မြေတစ်ကွက်ကျန်ရစ်သည်။ ကွယ်လွန်သူ၏တူ၊ တူမများက ကွယ်လွန်သူနှင့် ဆွေမျိုးတော်စပ်ခြင်းမရှိသူအား ကိုယ်စားလှယ်စာ လွှဲအပ်ထားသည်။ ထိုသူက ကွယ်လွန်သူ၏တူ၊ တူမများအမည်ဖြင့် မဟုတ်ဘဲ ၎င်း၏အမည်ဖြင့် အမွေထိန်းလက်မှတ်စာ လျှောက်ထားရာ ထိုသူအား အမွေထိန်းလက်မှတ်စာ ထုတ်ပေးနိုင် မနိုင်။

ဆုံးဖြတ်ချက်။ ။ ကွယ်လွန်သူ ဦးတိတ်သည် မြန်မာဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်၍ ၎င်းကွယ်လွန်ချိန်တွင် ကျန်ရစ်ပစ္စည်းများနှင့်စပ်လျဉ်းပြီး စီမံထိန်းသိမ်းရန် လိုအပ်ကြောင်း အမှုတွင်ပေါ်ပေါက်သည်။ သို့သော် အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၁၈ (၁) အရ အမွေထိန်းလက်မှတ်စာ လျှောက်ထားသူသည် ကွယ်လွန်သူ၏ အမွေတစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရထိုက်သူဖြစ်ရမည်။

မူလတရားရုံးက ဦးလှသိန်းအား ကွယ်လွန်သူ ဦးတိတ်၏ ကျန်ရစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာ ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့ပြီး ယင်းအမိန့်ကို တရားရုံးချုပ်က အတည်ပြုခဲ့သည်။ ထိုသို့မူလရုံး

* ၂၀၀၂ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၂၀

\+ ၂၀၀၁ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၆၁ တွင်ချမှတ်ထားသော ၅-၁၂-၂၀၀၁ ရက်စွဲပါ တရားရုံးချုပ်စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

နှင့် တရားရုံးချုပ်တို့က အမိန့်ချမှတ်ခဲ့ခြင်းသည် ဦးတိတ်၏တူ၊ တူမများက ဦးလှသိန်းအား အမွေထိန်းလက်မှတ်စာ လျှောက်ထားရန်အတွက် အထွေထွေကိုယ်စားလှယ်လွှဲစာ ပေးအပ်ပြီး ဦးတိတ်၏ကျန်ရစ်သော မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ တရားရုံးတွင် အမွေထိန်းလက်မှတ်စာ လျှောက်ထားရယူရန် ဦးလှသိန်းအား တာဝန်ပေးအပ်ခဲ့သည်ဟု တင်ပြချက်အပေါ် အမွေထိန်းလက်မှတ်စာထုတ်ပေးရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

သို့ရာတွင် အမွေထိန်းလက်မှတ်စာ လျှောက်ထားသူ ဦးလှသိန်းသည် ကွယ်လွန်သူ ဦးတိတ်နှင့် သွေးသားတော်စပ်သူမဟုတ်ကြောင်း ပေါ်ပေါက်သည်။ ဦးလှသိန်းသည် ကွယ်လွန်သူ ဦးတိတ်၏တူမ ဒေါ်ကျင်ကြူ၏ ခင်ပွန်းသာဖြစ်ပြီး ဒေါ်ကျင်ကြူ သက်ရှိထင်ရှားရှိနေချိန်တွင် ဦးတိတ်နှင့် သွေးသားတော်စပ်မှုမရှိသည့် ဦးလှသိန်းသည် ဦးတိတ်၏အမွေကိုဆက်ခံထိုက်သူမဟုတ်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ကွယ်လွန်သူဦးတိတ်၏ အမွေကိုဆက်ခံခွင့်မရှိသူ ဦးလှသိန်းမှ ဦးတိတ်ကျန်ရစ်သောပစ္စည်းကို ထိန်းသိမ်းရန် အမွေထိန်းလက်မှတ်စာ လျှောက်ထားခြင်းကို မူလရုံးက ခွင့်ပြုခဲ့ခြင်းသည် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၁၈ ပါပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

အယူခံတရားလိုအတွက် - ဦးစောဟန်ဝင်း
(တရားရုံးချုပ်ရှေ့နေ)
အယူခံတရားပြိုင်အတွက် - ၁။ ဦးစံမြင့်
(တရားရုံးချုပ်ရှေ့နေ)
၂။ ကိုယ်တိုင် (မလာ)

ရန်ကုန်တိုင်းတရားရုံးတွင် ဦးလှသိန်းက ကွယ်လွန်သူ ဦးတိတ်၏ ကျန်ရစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာထုတ်ပေးရန် လျှောက်ထားရာ ဒေါ်မူမူ (ခ) ဒေါ်ကျင်သန်းနှင့် ဦးကြည်အေးတို့က ကန့်ကွက်ကြသဖြင့် တိုင်းတရားရုံးက တရားမကြီးမှုအမှတ် ၈၁၁/၉၈ ဖြင့်ပြောင်းလဲဖွင့်လှစ်စစ်ဆေးပြီးနောက် လျှောက်ထားသူ ဦးလှသိန်းအား အမွေထိန်းလက်မှတ်စာ ထုတ်ပေးသည့်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်အပေါ် ဒေါ်မူမူ (ခ) ဒေါ်ကျင်သန်းက မကျေနပ်၍ တရားရုံးချုပ်တွင်

တရားမအထွေထွေအယူခံမှုအမှတ် ၆၁/၂၀၀၁ ဖြင့် အယူခံဝင်ရောက်ခဲ့သော်လည်းအောင်မြင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့်ဒေါ်မူမူ (ခ) ဒေါ်ကျင်သန်းက ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရအထူးအယူခံဝင်ခွင့်ပြုရန် တရားရုံးချုပ်တွင် လျှောက်ထားခဲ့ရာ တရားရုံးချုပ်က အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာနိုင်ရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

" ကွယ်လွန်သူ ဦးတိတ်၏ ကျန်ရစ်သောပစ္စည်းများအတွက် ကွယ်လွန်သူ ဦးတိတ်၏တူ၊ တူမများ၏ ကိုယ်စားလှယ်စာရသူဖြစ်ပြီး တူမတစ်ဦး၏ ခင်ပွန်းဖြစ်သူ ဦးလှသိန်း အမည်ဖြင့် အမွေထိန်းလက်မှတ်ထုတ်ပေးခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ။ "

ထိုအမှုတွင် အမွေထိန်းက ကွယ်လွန်သူကျန်ရစ်သောပစ္စည်းများအတွက် အမွေထိန်းလက်မှတ်စာ လျှောက်ထားရာတွင် ဦးတိတ်သည် ၄င်း၏ဦးလေးတော်စပ်၍ ၁၃-၅-၉၈ နေ့၌ အမှတ် ၁၀၇/အေ၊ ကျောက်မြောင်းလမ်း၊ ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်တွင် ကွယ်လွန်ခဲ့ကြောင်း၊ ဦးတိတ်၏ဇနီး ဒေါ်မြဝင်းသည် ၂၈-၂-၉၃ နေ့တွင် ကွယ်လွန်ပြီးဖြစ်၍ ၄င်းတို့တွင် သားသမီးထွန်းကားခဲ့ခြင်းမရှိကြောင်း၊ ဦးတိတ်ကွယ်လွန်ချိန်တွင် ရန်ကုန်၊ တာမွေမြို့နယ်၊ မြေတိုင်းအမှတ် (၃အေ-၃)၊ မြေကွက်အမှတ် ၃၇၊ မြေဧရိယာ ၂၅ ပေ×၅၇ ပေ ၃ လက်မရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ် ၂၁၊ ဗျိုင်းရေအိုးစင်လမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဟုခေါ်တွင်သော ဆောက်လုပ်ဆဲ ၈ ထပ်ကန်ထရိုက်တိုက် အဆောက်အဦးနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/က၊ မြေကွက်အမှတ် ၁၃၆/က ဟုခေါ်တွင်သော ဂရန်မြေကွက်တစ်ကွက် ကျန်ရစ်ခဲ့ကြောင်း၊ ဦးတိတ်ကွယ်လွန်ချိန် ၄င်း၏အစ်ကိုအရင်းမှမွေးသော ဒေါ်ကျင်ကြူး၊ ဦးအောင်ညွန့်၊ ဒေါ်မေမေခင်၊ ဒေါ်တင်တင်လှိုင်၊ ဒေါ်ဌေးဌေးဝင်း၊ ဒေါ်လှလှဝင်းနှင့် ဒေါ်မိမိငယ်တို့သည် ဦးတိတ်၏ နီးစပ်ရာဆွေမျိုးများအဖြစ်ကျန်ရစ်ပြီး ၄င်းတို့က လျှောက်ထားသူအား အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ထား၍ ဦးတိတ်၏ကျန်ရစ်ပစ္စည်းများကို အုပ်ထိန်းခွင့်လက်မှတ်ရထိုက်ကြောင်း၊ ဦးတိတ်၏သဂြိုလ်စရိတ်၊ ရရန်၊ ပေးရန် ကြွေးမြီများ ရှင်းလင်းပြီး ရသင့်ရထိုက်သူများကို ခွဲဝေပေးရန် လိုအပ်လျက်ရှိသော

ကြောင့် အမွေထိန်းလက်မှတ် ထုတ်ပေးသင့်ကြောင်း ဖော်ပြလျှောက်ထားသည်။

အမှတ် (၁) တရားပြိုင် ဒေါ်မူမူ (ခ) ဒေါ်ကျင်သန်းက ၎င်း၏ချေလွှာတွင် လျှောက်ထားသူ ဦးလှသိန်းသည် ဦးတိတ်၏တူ မဟုတ်ကြောင်း၊ ဦးတိတ်ကွယ်လွန်စဉ် မရွှေ့မပြောင်းနိုင်သောပစ္စည်းများအပြင် ရွှေ့ပြောင်းနိုင်သောပစ္စည်းကျန်ရစ်ကြောင်း၊ ဦးတိတ်၏နီးစပ်ရာဆွေမျိုးများအဖြစ် ဦးတိတ်၏အစ်ကို ဦးကျော်စိန် (ကွယ်လွန်)၏ သားသမီးများနှင့် ဦးတိတ်၏ညီမများဖြစ်သည့် ဒေါ်ဌေးဌေးဝင်းနှင့် အမှတ် (၁) တရားပြိုင်တို့ကို ဖော်ပြခြင်းမရှိဘဲ ချန်လှပ်ထားခဲ့ကြောင်း၊ လျှောက်ထားသူဦးလှသိန်းသည် ဦးတိတ်၏ အမွေဆက်ခံခွင့်ရှိသူမဟုတ်သည့်အတွက် အမွေထိန်းလက်မှတ်စာရထိုက်သူမဟုတ်ကြောင်း စသည်ဖြင့် ဖော်ပြချေပသည်။

အမှတ် (၂) တရားပြိုင် ဦးကြည်အေးက ၎င်း၏ချေပလွှာတွင် ဦးလှသိန်းသည် ဦးတိတ်၏အစ်ကို ဦးအေးမြင့်၏သမီး ဒေါ်ကျင်ကြူ၏ခင်ပွန်းဖြစ်ကြောင်း၊ ဖော်ပြပါမြေကွက်တွင် ဦးတိတ်က မြေရှင်အဖြစ် ဦးကြည်အေးထံမှ ငွေကျပ် ၅ သိန်းနှင့် ၈ ထပ်တိုက်၏ ခေါင်းရင်းခန်း ၈ ခန်းကိုရရှိခဲ့ပြီး ၂၁-၅-၉၇ ရက်စွဲပါ အခန်းအပျောက် အရောင်းအဝယ်စာချုပ်အရ အမှတ် ၃ နှင့် ၄ အလွှာ တိုက်ခန်း ၂ ခန်းကို ဦးကြည်အေးသို့ ငွေကျပ် ၂၈ သိန်းဖြင့် ရောင်းချခဲ့ပြီးဖြစ်၍ ၎င်းတွင်တိုက်ခန်း ၆ ခန်းသာကျန်ရှိကြောင်း၊ ကွယ်လွန်သူ ဦးတိတ်တွင် ညီမအရင်း ဒေါ်ဌေးဌေးဝင်း ကျန်ရှိသဖြင့် နီးစပ်ရာဆွေမျိုးများသည် အမွေခံစားခွင့်မရှိကြောင်း၊ သို့ဖြစ်၍ ဦးလှသိန်းသည် အမွေထိန်းလက်မှတ်စာ မရထိုက်ကြောင်း ဖော်ပြချေပသည်။

မူလတရားရုံးက ကန့်ကွက်သူ ဒေါ်မူမူ (ခ) ဒေါ်ကျင်သန်းသည် ဦးတိတ်၏ ညီမအရင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်မှု မရှိကြောင်း၊ ဒေါ်ဌေးဌေးဝင်းသည် ဦးတိတ်၏ ညီမအရင်းဖြစ်သော်လည်း အမေရိကန်နိုင်ငံတွင် နေထိုင်သူဖြစ်ကြောင်း၊ ဒေါ်ဌေးဌေးဝင်းနှင့် ဦးတိတ်၏တူ၊ တူမများဖြစ်သော ဒေါ်ကျင်ကြူပါ ၇ ဦးတို့နှင့် မိသားစု စီမံမှုသဘောတူစာချုပ်ပြုလုပ်၍ ဦးတိတ်၏တူ၊ တူမများဖြစ်သော ဒေါ်ကျင်ကြူပါ ၇ ဦးတို့က ကိုယ်စားလှယ်လွှဲစာပေးအပ်ထားသော ဒေါ်ကျင်ကြူ၏ခင်ပွန်း ဦးလှသိန်းအား အမွေထိန်းစာ လျှောက်ထားရယူစေခဲ့သောကြောင့် ကွယ်လွန်သူ ဦးတိတ်၏ကျန်ရစ်ပစ္စည်းများအပေါ် ဦးလှသိန်းသည် အမွေ

ထိန်းလက်မှတ်စာ ရထိုက်ကြောင်း၊ သုံးသပ်ချက်အရ ဦးလှသိန်းကို အမွေထိန်းလက်မှတ်စာ ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့သည်။

တရားရုံးချုပ်က ဦးတိတ်ကွယ်လွန်စဉ် ကျန်ရစ်ပစ္စည်းများကို ထိန်းသိမ်း၍ စီမံခန့်ခွဲရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ကွယ်လွန်သူ ဦးတိတ်၏ညီမအရင်းဖြစ်သူ ဒေါ်ငွေငွေဝင်းနှင့် တူ၊ တူမအရင်းများကိုယ်တိုင် တူမဒေါ်ကျင်ကြူး၏ခင်ပွန်း ဦးလှသိန်းကို အမွေထိန်းလက်မှတ်စာ လျှောက်ထားဆောင်ရွက်ရန် တာဝန်ပေးအပ်မှုအပေါ် ဦးလှသိန်းက လျှောက်ထားခဲ့၍ မူလတိုင်းတရားရုံးက အမွေထိန်းလက်မှတ်စာ ထုတ်ပေးခဲ့ခြင်းသည် ဥပဒေအရမှားယွင်းမှုမရှိဟု သုံးသက်ကာ တိုင်းတရားရုံး၏ အမိန့်ကို အတည်ပြုသည်။

အယူခံတရားလို၏ရှေ့နေက ဦးတိတ်ကွယ်လွန်သည့်အခါ ဦးတိတ်၏ညီမအရင်း ဒေါ်ငွေငွေဝင်း ကျန်ရှိနေကြောင်း အငြင်းပွားခြင်း မရှိသည့်အခြေအနေတွင် မူလရုံးတရားလို ဦးလှသိန်း၏ အမွေထိန်းလျှောက်လွှာ၌ ဦးတိတ်၏ အနီးစပ်ဆုံးဆွေမျိုးများအဖြစ် ဖေါ်ပြထားသူ ဒေါ်ကျင်ကြူးပါ ၇ ဦးတို့သည် ဦးတိတ်၏တူ၊ တူမများဖြစ်သော်လည်း ဦးတိတ်ထက်စော၍ ကွယ်လွန်သည့် ဦးတိတ်၏အစ်ကို ဦးအေးမြင့်၏ သားသမီးများဖြစ်သည့်အတွက် ဦးတိတ်ကျန်ရစ်သည့်ပစ္စည်းများအပေါ် ဒေါ်ကျင်ကြူးပါ ၇ ဦးသည် အမွေဆက်ခံခွင့်ရှိသူများ မဟုတ်ကြောင်း ထင်ရှားလျက်ရှိကြောင်း၊ ထိုအတူ ဒေါ်ကျင်ကြူး၏ခင်ပွန်း ဦးလှသိန်းသည်လည်း ဦးတိတ်၏အမွေကို ဆက်ခံခွင့်ရှိသူမဟုတ်ကြောင်း၊ ကိုယ်တိုင်လျှောက်ထားခြင်းမရှိသူအား အမွေထိန်းလက်မှတ်စာ ထုတ်ပေးခြင်းမပြုနိုင်သဖြင့် ကွယ်လွန်သူ ဦးတိတ်၏ညီမအရင်းဖြစ်သူ ဒေါ်ငွေငွေဝင်းက ဦးလှသိန်းအား ကွယ်လွန်သူဦးတိတ်၏ အမွေထိန်းလက်မှတ်စာ လျှောက်ထားရန် တာဝန်ပေးချက်အရလည်းကောင်း၊ ဒေါ်ကျင်ကြူးပါ ၇ ဦးတို့က ကိုယ်စားလှယ်လွှဲအပ်သဖြင့်လည်းကောင်း၊ ဦးလှသိန်းက ၄င်းအမည်ဖြင့် ကွယ်လွန်သူ ဦးတိတ်၏အမွေထိန်းလက်မှတ်စာ လျှောက်ထားခြင်းအား ခွင့်မပြုနိုင်ကြောင်း၊ ဦးလှသိန်းအနေဖြင့် အမွေထိန်းစာထုတ်ပေးစေရန် ချမှတ်ခဲ့သော တိုင်းတရားရုံး၏အမိန့်ကို အတည်ပြုသည့် တရားရုံးချုပ်၏ အမိန့်သည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း လျှောက်လဲတင်ပြသည်။

အမှတ် ၁ အယူခံတရားပြိုင်၏ရှေ့နေက အမှတ် ၁ အယူခံတရားပြိုင် ဦးလှသိန်းသည် ဦးတိတ် မကျန်းမာစဉ် စောင့်ရှောက်ပြီး

ကွယ်လွန်ပြီးနောက် အစဉ်တစိုက် နာရေးကိစ္စအဝဝကို တာဝန်ခံစီစဉ်ခဲ့သူဖြစ်ကြောင်း၊ ဦးတိတ်၏ဆွေမျိုးသားချင်းလည်းဖြစ်ကြောင်း၊ ဦးတိတ်၏ ညီမအရင်းဟု အငြင်းမပွားသော ဒေါ်ဌေးဌေးဝင်းနှင့် ဦးတိတ်၏တူ၊ တူမ အရင်းများကလည်း ဦးလှသိန်းအားပင် အမွေထိန်းလျှောက်စေရန် ရွေးချယ်ခဲ့သည့်သူလည်းဖြစ်ကြောင်း၊ ယခုအမှုတွင် ဦးလှသိန်း တစ်ဦးတည်းကသာ အမွေထိန်းလက်မှတ်စာ လျှောက်ထားခဲ့ပြီး အခြားအပြိုင်လျှောက်ထားသူလည်း တစ်စုံတစ်ဦးမျှ မရှိကြောင်း၊ လျှောက်ထားသူ ဦးလှသိန်းသည် ယခုအခြေအနေတွင် အသင့်တော်ဆုံးသူအဖြစ် ယူဆရပါ၍ ကွယ်လွန်သူ ဦးတိတ်၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်တွင် အမွေထိန်းလက်မှတ်စာရထိုက်သူဖြစ်သည် ဆိုခြင်းမှာမှန်ကြောင်း ဖြေကြားခဲ့သည့် မူလရုံးအမိန့်နှင့် တရားရုံးချုပ်၏အမိန့်တို့မှာ တစ်စုံတစ်ရာမှားယွင်းမှု မရှိကြောင်း၊ ဦးလှသိန်းသည် ဦးတိတ်၏တူမအရင်းဖြစ်သော မကျင်ကြူး၏ ခင်ပွန်းဖြစ်ကြောင်း၊ မကျင်ကြူးသည် ဦးတိတ်၏အမွေကို ဆက်ခံခွင့်ရှိသူဖြစ်ကြောင်း၊ ဦးလှသိန်းနှင့် မကျင်ကြူးတို့မှာ မြန်မာဗုဒ္ဓဘာသာများဖြစ်ကြ၍ မကျင်ကြူး အမွေရပစ္စည်း၌ မကျင်ကြူးက သုံးပုံနှစ်ပုံ၊ ကိုလှသိန်းက သုံးပုံတစ်ပုံ အကျိုးခံစားခွင့်ရှိပေရာ ယခုအမှုမှ လျှောက်ထားသူ ဦးလှသိန်းသည် ဦးတိတ်၏ ကျန်ရစ်ပစ္စည်းနှင့် အလျဉ်းမသက်ဆိုင်သူ မဟုတ်ရကား ၎င်းအားအမွေထိန်းလက်မှတ်ထုတ်ပေးခြင်းသည် မှားယွင်းမှုမရှိကြောင်း၊ ဦးတိတ်ကွယ်လွန်ပြီးနောက် ကန်ထရိုက်နှင့်ဆောက်လုပ်လက်စတိုက်အတွက် စာရင်းရှင်းရန်ကိစ္စရပ်များရှိနေခြင်းကြောင့် အမွေထိန်းစာဖြင့် စီမံခန့်ခွဲရန် လိုအပ်မည်ဖြစ်ခြင်းနှင့် အခြားယှဉ်ပြိုင်လျှောက်ထားသူများ မရှိသော အခြေအနေ၌ ဆွေမျိုးသားချင်းများ၏ ညှိနှိုင်းချက်အရ အမွေထိန်းစာလျှောက်ထားသူ ဦလှသိန်းအား ရန်ကုန်တိုင်းတရားရုံးက အမွေထိန်းစာထုတ်ပေးခြင်းမှာ မှားယွင်းမှုမရှိကြောင်း တွေ့ရှိသုံးသပ်ဆုံးဖြတ်ခဲ့သော တရားရုံးချုပ်၏အမိန့်သည် မှားယွင်းခြင်းမရှိကြောင်း လျှောက်လဲတင်ပြသည်။

ဤအမှုသည် ၁၃-၅-၉၈ ရက်နေ့တွင် ကွယ်လွန်သော ဦးတိတ်၏ ကျန်ရစ်ပစ္စည်းများနှင့်စပ်လျဉ်းပြီး ဦးလှသိန်းက အမွေထိန်းလက်မှတ်စာ ရလိုကြောင်း လျှောက်ထားစွဲဆိုမှုဖြစ်သည်။

အမွေထိန်းလက်မှတ်စာထုတ်ပေးရခြင်း၏ ရည်ရွယ်ချက်မှာ ကွယ်လွန်သူ၏ပစ္စည်းကို လက်ရောက်ရယူနိုင်စေရေး၊ ကွယ်လွန်သူ ရရန်ရှိ

သော ကြွေးမြီများကို ကောက်ခံနိုင်စေရေး၊ ကွယ်လွန်သူ၏ အသုဘစရိတ်နှင့် ကွယ်လွန်သူက ပေးရန်ရှိသည်များကို ပေးဆပ်နိုင်စေရေး၊ ထိုသို့ ပေးဆပ်ပြီးနောက် ကျန်ရစ်သောအမွေပစ္စည်းတို့ကို ကွယ်လွန်သူ၏ မိသားစုဥပဒေ အရ ကွယ်လွန်သူအမွေကို ဆက်ခံထိုက်သူတို့အား ခွဲဝေပေးနိုင်စေရေးအတွက် ကွယ်လွန်သူ၏ အခွင့်အရေးကို ဆက်ခံသူတစ်ဦးအား ခန့်ထား ပေးရန်ဖြစ်သည်။ ဤမူသဘောကို **မဝေ နှင့် မသိန်းရင် အမှု**[၁] စီရင်ထုံး တွင် လမ်းညွှန်ထုံးဖွဲ့ထားသည်။

အမွေထိန်းလက်မှတ်စာ ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၁၈ တွင်အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

ပုဒ်မ ၂၁၈ (၁) ကွယ်လွန်သူသည် သေတမ်းစာမရေးဘဲ ကွယ်လွန်ခဲ့၍ ဟိန္ဒူ၊ မဟာမေဒင်၊ ဗုဒ္ဓဘာသာဝင်ဖြစ်လျှင် ၎င်းတို့၏အမွေထိန်းသိမ်းခွင့်ကို ကွယ်လွန်သူ၏အမွေကို ခွဲဝေရာ၌ သက်ဆိုင်သည့် ဥပဒေသများအရ ကွယ်လွန်သူ၏ အမွေတစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရထိုက်သူအား ခွင့်ပြုနိုင်သည်။

(၂) ထိုသို့ ထိန်းသိမ်းရန်အတွက် ထိုသူများက လျှောက်ထားလာလျှင် ထိုသူတို့၏အနက် တစ်ဦးဦးကိုဖြစ်စေ၊ တစ်ဦးထက်ပိုသူများကိုဖြစ်စေ မိမိ၏သဘောအတိုင်း အမွေထိန်းသိမ်းခွင့်ပြုရန်ဖြစ်သည်။

(၃) ထိုသူများက လျှောက်ထားခြင်းမရှိလျှင် ကွယ်လွန်သူ၏ မြီရှင်အား အမွေထိန်းသိမ်းခွင့်ပြုနိုင်သည်။

ကွယ်လွန်သူ ဦးတိတ်သည် မြန်မာဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်၍ ၎င်းကွယ်လွန်ချိန်တွင် ကျန်ရစ်ပစ္စည်းများနှင့်စပ်လျဉ်းပြီး စီမံထိန်းသိမ်းရန်လိုအပ်ကြောင်း အမှုတွင် ပေါ်ပေါက်သည်။ သို့သော် အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၁၈ (၁) အရ အမွေထိန်းလက်မှတ်စာ လျှောက်ထားသူသည် ကွယ်လွန်သူ၏ အမွေတစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို

---

**(၁) အောက်မြန်မာပြည်စီရင်ထုံး၊ အတွဲ-၄၊ စာ- ၂၈၇**

ဖြစ်စေ ရထိုက်သူဖြစ်ရမည်။

မူလတရားရုံးက ဦးလှသိန်းအား ကွယ်လွန်သူ ဦးတိတ်၏ကျန်ရစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာ ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့ပြီး ယင်းအမိန့်ကို တရားရုံးချုပ်က အတည်ပြုခဲ့သည်။ ထိုသို့ မူလရုံးနှင့် တရားရုံးချုပ်တို့က အမိန့်ချမှတ်ခဲ့သည့် ဦးတိတ်၏တူ၊ တူမများက ဦးလှသိန်းအား အမွေထိန်းလကမှတ်စာ လျှောက်ထားရန်အတွက် အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်ပြီး ဦးတိတ်၏ကျန်ရစ်သော မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ တရားရုံးတွင် အမွေထိန်းလက်မှတ်စာ လျှောက်ထားရယူရန် ဦးလှသိန်းအား တာဝန်ပေးအပ်ခဲ့သည်ဟု တင်ပြချက်အပေါ် အမွေထိန်းလက်မှတ်စာ ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

သို့ရာတွင် အမွေထိန်းလက်မှတ်စာ လျှောက်ထားသူ ဦးလှသိန်းသည် ကွယ်လွန်သူ ဦးတိတ်နှင့် သွေးသားတော်စပ်သူမဟုတ်ကြောင်း ပေါ်ပေါက်သည်။ ဦးလှသိန်းသည် ကွယ်လွန်သူ ဦးတိတ်၏တူမ ဒေါ်ကျင်ကြူး၏ခင်ပွန်းသာဖြစ်ပြီး ဒေါ်ကျင်ကြူး သက်ရှိထင်ရှားရှိနေချိန်တွင် ဦးတိတ်နှင့်သွေးသားတော်စပ်မှုမရှိသည့် ဦးလှသိန်းသည် ဦးတိတ်၏ အမွေကို ဆက်ခံထိုက်သူမဟုတ်ချေ။

ဦးလှသိန်းက အောက်ပါအတိုင်း ထွက်ဆိုခဲ့သည်-

"ကျွန်တော်သည် ဦးတိတ်၏တူတော်ကြောင်း ထွက်ဆိုတင်ပြခြင်းမှာ ဦးတိတ်၏တူမ ဒေါ်ကျင်ကြူး၏ခင်ပွန်းဖြစ်၍ တူတော်စပ်ခြင်းဖြစ်ကြောင်း ထွက်ဆိုခြင်းဖြစ်သည်ဆိုလျှင် မှန်ပါသည်။ သို့ဖြစ်၍ ကျွန်တော်နှင့် ကွယ်လွန်သူဦးတိတ်မှာ ဘာမျှတော်စပ်ခြင်းမရှိဟုဆိုလျှင် မှန်ပါသည်။ × × × ဦးတိတ်၏အမွေထိန်းလက်မှတ်စာ လျှောက်ထားမှုတွင် ကျွန်တော်အမည်ဖြင့် လျှောက်ထားခြင်းဖြစ်ပြီး ဦးအေးမြင့်၏ သားသမီး ၇ ဦးအမည်ဖြင့် လျှောက်ထားခြင်းမဟုတ်ဆိုလျှင် မှန်ပါသည်။ ကျွန်တော်အား ကိုယ်စားလှယ်ပေးထားပါသည်။ "

ကွယ်လွန်သူဦးတိတ်၏ အမွေကို ဆက်ခံခွင့်မရှိသူ ဦးလှသိန်းမှ ဦးတိတ်ကျန်ရစ်သောပစ္စည်းကို ထိန်းသိမ်းရန် အမွေထိန်းလက်မှတ်စာ လျှောက်ထားခြင်းကို မူလရုံးက ခွင့်ပြုခဲ့ခြင်းသည် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၁၈ ပါပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိကြောင်း သုံးသပ်တွေ့

ရှိရသည်။

အကယ်၍ ကွယ်လွန်သူဦးတိတ်၏ အမွေကိုဆက်ခံခွင့်ရှိသော တူ၊ တူမများဖြစ်ကြသည့် ဒေါ်ကျင်ကြူးပါ ၇ ဦးတို့က အမွေထိန်းလက်မှတ်စာလျှောက်ထားခြင်းဖြစ်ပြီး ဦးလှသိန်းက ဒေါ်ကျင်ကြူးပါ ၇ ဦး၏ အထွေထွေကိုယ်စားလှယ်လွှဲစာရှိသူအနေဖြင့် အမှုတွင်ပါဝင်ဆောင်ရွက်မည်ဆိုပါက မူလရုံးက အမွေထိန်းလက်မှတ်စာ ထုတ်ပေးခဲ့ခြင်းသည်လည်းကောင်း၊ တရားရုံးချုပ်က ထိုအမိန့်ကို အတည်ပြုခဲ့ခြင်းဖြစ်သည်လည်းကောင်း ဥပဒေအရမှားယွင်းမှုရှိမည်မဟုတ်ပေ။

သို့သော် ဦးလှသိန်းက ကွယ်လွန်သူ ဦးတိတ်၏ အမွေဆက်ခံခွင့်ရှိသူမဟုတ်ပါဘဲလျက် အမွေထိန်းလက်မှတ်စာ ထုတ်ပေးရန်လျှောက်ထားခဲ့ခြင်းအပေါ် မူလရုံးက အမွေထိန်းလက်မှတ်စာ ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့ခြင်းသည်လည်းကောင်း၊ ယင်းအမိန့်ကို အတည်ပြုခဲ့သော တရားရုံးချုပ်၏အမိန့်သည်လည်းကောင်း အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၁၈ နှင့်ညီညွတ်မှုမရှိကြောင်း တွေ့ရှိရသည်။

အမှတ် ၁ အယူခံတရားပြိုင်၏ရှေ့နေက အယူခံတရားလိုဒေါ်ကျင်သန်းသည် ဦးတိတ်၏ညီမမဟုတ်ကြောင်းမှာ ထင်ရှားပြီးဖြစ်၍ ဒေါ်ကျင်သန်းသည် ဦးတိတ်၏ကျန်ရစ်ပစ္စည်းများကိုစွန့်မည်သို့မျှ သက်ဆိုင်သူမဟုတ်ကြောင်း၊ ဒေါ်ကျင်သန်းမှာ ရန်ကုန်တိုင်းတရားရုံးနှင့် တရားရုံးချုပ်တို့က ဦးလှသိန်းအား အမွေထိန်းစာပေးထားခြင်းနှင့်စပ်လျဉ်းပြီး ထိခိုက်နစ်နာသူတစ်ဦးမဟုတ်ကြောင်း၊ သို့ဖြစ်၍ ဤအယူခံမှုကို တင်သွင်းနိုင်ခွင့်ရှိသူလည်းမဟုတ်တော့ကြောင်း လျှောက်လဲတင်ပြသည်။

**ဒေါ်အမာပါ ၂ နှင့် ဒေါ်ငွေးရီပါ ၃ အမှု[၂] နှင့် ဦးမြင့်လွင် နှင့် ဒေါ်ကျင်အမှု[၃]** တို့တွင် တရားရုံးတစ်ရုံးရုံးက ချမှတ်သောဒီကရီ သို့မဟုတ် အမိန့်ကြောင့်အကြီးအကျယ် ထိခိုက်နစ်နာသူက ယင်းဒီကရီ သို့မဟုတ် အမိန့်ကို အယူခံဝင်နိုင်ကြောင်း ထုံးဖွဲ့ထားသည်။

အယူခံဝင်ခြင်းနှင့်စပ်လျဉ်းသည့် အခြေခံသဘောတရားကို အဆိုပါအမှုများနှင့် ညွန်ကြားရေးမှူးချုပ်၊ အိုးအိမ်ဦးစီးဌာန **အုန်းပင်ရွှေမ်းရှိ (ခ) မောင်အေး နှင့် ချန်ဒရာဒေဝီ (ခ) ဒေါ်မြခင်ပါ ၁၀ အမှု[၄]၊ ဒေါ်မြင့်သိန်း**

---

(၂) ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၂၈၅
(၃) ၁၉၈၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ-၇၁
(၄) ၁၉၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၆၆ (၁၆၈)

(ခ)အမီနာပါ ၂ နှင့် ဦးမြင့်သိန်းပါ ၆ အမှု[၅] တို့တွင် အောက်ပါအတိုင်း ရှင်းပြထားသည်-

" အယူခံဝင်လိုသောအမိန့် သို့မဟုတ် ဒီကရီကို ချမှတ်ထားသည့် အမှုတွင် အမှုသည်အဖြစ် မပါဝင်သူတစ်ဦးသည် ယေဘူယျအားဖြင့် အယူခံဝင်ခွင့်မရှိကြောင်း၊ သို့ရာတွင် အမှုသည်မဟုတ်သူတစ်ဦးသည် ဒီကရီအရ ထိခိုက်နစ်နာမည့်အပြင် မီးသေဆုံးဖြတ်ချက်အဖြစ် အကျိုးသက်ရောက်မည်ဆိုပါက အယူခံတရားရုံး၏ ခွင့်ပြုချက်ဖြင့် အယူခံဝင်နိုင်သည်။ "

တရားရုံးတစ်ရုံးရုံးက ချမှတ်သောဒီကရီ သို့မဟုတ် အမိန့်ကြောင့် အကြီးအကျယ် ထိခိုက်နစ်နာသူက ယင်းဒီကရီ သို့မဟုတ် အမိန့်ကို အယူခံဝင်နိုင်သည်ဆိုခြင်းမှာ အယူခံဝင်လိုသောအမိန့် သို့မဟုတ် ဒီကရီကို ချမှတ်ထားသည့်အမှုတွင် အမှုသည်အဖြစ် မပါဝင်သူအတွက် ဆိုလိုခြင်းဖြစ်သည်။

ယခုအမှုမှာ အမွေထိန်းလက်မှတ်စာ လျှောက်ထားမှုဖြစ်သည်။ အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၉၅ အရ ကန့်ကွက်သူမရှိသဖြင့် အမွေထိန်းလက်မှတ်စာ လျှောက်ထားသူသည် တရားလိုအနေဖြင့်လည်းကောင်း၊ ကန့်ကွက်သူ တရားပြိုင်အနေဖြင့်လည်းကောင်း တရားမကျင့်ထုံးဥပဒေအတိုင်း တရားမကြီးမှုအသွင် စစ်ဆေးခဲ့သည့်အမှုဖြစ်သည်။ အယူခံတရားလို ဒေါ်မူမူ (ခ) ဒေါ်ကျင်သန်းသည် မူလမှုတွင် တရားပြိုင်အဖြစ် ပါဝင်ခဲ့သူ အမှုသည်အဖြစ် တိုင်းတရားရုံး၏အမိန့်ကို မကျေနပ်သောကြောင့် အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၉၉ အရအထွေထွေအယူခံမှု လျှောက်ထားခြင်းဖြစ်ပေသည်။

သို့ဖြစ်၍ အယူခံတရားလိုသည် မူလရုံး၏အမိန့်အရ အကြီးအကျယ်ထိခိုက်နစ်နာသူ မဟုတ်သောကြောင့် အယူခံဝင်ခွင့်မရှိဆိုသည့် အယူခံတရားပြိုင်ရှေ့နေ၏ တင်ပြချက်ကို လက်ခံရန် အကြောင်းမရှိချေ။

ထို့ကြောင့် အထူးအယူခံခုံရုံးက ကြားနာလျက်ရှိသော ပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

" ကွယ်လွန်သူ ဦးတိတ်၏ ကျန်ရစ်သောပစ္စည်းများအတွက် ကွယ်လွန်သူဦးတိတ်၏ တူ၊ တူမများ၏ ကိုယ်စားလှယ်စာရသူဖြစ်ပြီး တူမတစ်ဦး၏ခင်ပွန်းလည်းဖြစ်သူ ဦးလှသိန်း အမည်ဖြင့် အမွေ

---

(၅) ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၁၃၅

ထိန်းစာထုတ်ပေးခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း။ ”

ဤတရားမအထူးအယူခံမှုကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ခွင့်ပြု၍ မူလရုံးက ဦးလှသိန်းသို့ အမွေထိန်းစာထုတ်ပေးရန် ချမှတ်သည့် အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် တရားရုံးချုပ်၏အမိန့်ကို ပယ်ဖျက်လိုက်သည်။

ရှေ့နေခကျပ် ၃၀၀၀/- သတ်မှတ်သည်။